# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

☎ : ၂၁၄၃၄၄/ ၂၁၄၃၄၅/ ၂၁၄၃၄၆/ ၂၁၄၃၄၇/ ၂၁၄၃၄၈/ ၂၁၄၃၄၉။ဖက်စ် : ၉၅-၁-၂၁၄၄၈၄။


စာအမှတ်။ ။ ဆ/၃/၃/(ပြပွဲ)/၁၁-၁၃ ( [illegible] )
ရက်စွဲ ။ ။ ၂၀၁၁ ခုနှစ်၊ဩဂုတ်လ ၁၈ ရက်

သို့

ဦးကြည်
ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်
လုပ်ငန်းရှင်များအသင်း

အကြောင်းအရာ။ <u>(၈)ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲသို့မြန်မာနိုင်ငံမှပါဝင်ပြသရန်ဖိတ်ကြားခြင်းကိစ္စ။</u>

ရည်ညွှန်းချက် ။ (၁) ကုန်သည်စက်မှုအသင်းချုပ်၏ ၂၉.၇.၂၀၁၁ရက်စွဲပါ စာအမှတ် ဆ/၃/၃(ပြပွဲ)/ ၁၁-၁၃(၀၅၈၂)

(၂) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၅.၈.၂၀၁၁ရက်စွဲပါ စာအမှတ် ကဥ- ၂၁/၄/ ၂၀၁၁(၁၀၅၃)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့တွင် ၂၀၁၁ခုနှစ်၊အောက်တိုဘာလ ၂၁ရက်နေ့ မှ ၂၆ရက်နေ့ အထိကျင်းပမည့် (၈)ကြိမ်မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ညီနောင်အသင်းများ၊စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုဇုန်များမှကုန်ပစ္စည်း ထုတ်လုပ်သူများပါဝင် ပြသကြပါရန်ရည်ညွှန်းချက်(၁)ပါစာဖြင့်ဤအသင်းချုပ်မှဖိတ်ကြားထားပြီးဖြစ်ပါသည်။

၂။ ယခုနှစ်ပြပွဲကို နန်နင်းအပြည်ပြည်ဆိုင်ရာ အစည်းအဝေးနှင့် ကုန်စည်ပြပွဲဌာနကို ဗဟိုပြု၍အပိုင်း(၃)ပိုင်းခွဲ၍ခင်းကျင်းပြသသွားမည် ဖြစ်ပြီးနန်နင်းအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲဌာနတွင် စက်ယန္တရား၊ အီလက်ထရောနစ်နှင့်ဆောက်လုပ်ရေးပစ္စည်းများကိုလည်းကောင်း၊ကွမ်ရှီးပြည်နယ်ကုန်စည်ပြတိုက်၌လယ်ယာထွက်ကုန် ပစ္စည်းနှင့်အစားအသောက်များ၊လယ်ယာသုံးပစ္စည်း၊ပန်းမာလာ၊သစ်သီးဝလံ၊မျိုးပင်၊စားစရာများကိုလည်းကောင်း၊နန်နင်းမြို့ South China City ပြခန်းဗဟိုဌာနတွင်အသေးစားစက်မှုထွက်ကုန်များ၊ကျောက်မျက်ရတနာ၊လက်ဝတ်လက်စား၊အနုပညာလက်ဆောင်ပစ္စည်းများ၊အာဆီယံနိုင်ငံများ၏ထူးခြားထွက်ကုန်များ၊ နေ့စဉ်သုံးပစ္စည်းကိုလည်းကောင်းနေရာအသီးသီးခွဲ၍ပြသမည်ဖြစ်ပါသည်။

၃။ ထို့ပြင်ယခုနှစ်ပြပွဲတွင် တရုတ်-အာဆီယံငွေကြေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကြီးအကဲဖိုရမ်၊တရုတ်-အာဆီယံဆေးဝါးလုံခြုံရေးထိပ်သီးဖိုရမ်၊တရုတ်-အာဆီယံယဉ်ကျေးမှုလုပ်ငန်းဖိုရမ်အစရှိသည့်ဖိုရမ် စုစုပေါင်း(၈)ခုကိုလည်းပြပွဲကာလအတွင်းတစ်ချိန်တည်းကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

၄။ ပြပွဲသို့လိုက်ပါမည့်ပုဂ္ဂိုလ်များအတွက်တစ်ဦးလျှင်ခန့်မှန်းကုန်ကျစရိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ရန်ကုန်-နန်နင်းလေယာဉ်စရိတ်(အသွားအပြန်) | USD ၄၈၀ |
| (ခ) | ၁၉.၁၀.၂၀၁၁မှ၂၆.၁၀.၂၀၁၁နေ့အထိ တည်းခိုစရိတ်(၈ရက်x ၅၀ USD) | USD ၄၀၀ |
| (ဂ) | ၁၉.၁၀.၂၀၁၁မှ၂၇.၁၀.၂၀၁၁နေ့အထိ စားစရိတ်(၉ရက်x ၂၀ USD) | <u>USD ၁၈၀</u> |
| | စုစုပေါင်း(ခန့်မှန်းကုန်ကျစရိတ်) | USD ၁၀၆၀ |

၅။ သို့ဖြစ်ပါ၍(၈)ကြိမ်မြောက်တရုတ်–အာဆီယံကုတ်စည်ပြပွဲသို့တက်ရောက်ကြမည့်ပုဂ္ဂိုလ်များသည်ပူးတွဲပါပုံစံများတွင်ဖြည့်စွက်၍ပြသမည့်ပစ္စည်းစာရင်း(Invoice)များနှင့်အတူဤအသင်းချုပ်သို့၂၉.၈.၂၀၁၁ရက်နေ့ အရောက်ပေးပို့ကြပါရန်မေတ္တာရပ်ခံအပ်ပါသည်။

(ဒေါက်တာမျိုးသက်)
အထွေထွေအတွင်းရေးမှူး

မိတ္တူကို–

(၁) ပြည်ထောင်စုဝန်ကြီးရုံး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(၂) ညွှန်ကြားရေးမှူးချုပ်၊ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
(၃) ညွှန်ကြားရေးမှူး၊အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာန
(၄) အမှုဆောင်အရာရှိချုပ်၊ကုန်သည်စက်မှုအသင်းချုပ်
(၅) မျှောစာတွဲ
(၆) လက်ခံ

# 8th CAEXPO Registration and Geneal Information Form

(1) Name (Passport) -

(2) Passport No & Expiry Date -

(3) Company/ Association -

(4) Title
☐ Exhibitor ☐ Visitor ☐ VIP
☐ Others ____________

(5) Departure Date (YGN) -

(6) Arrival Date (NNG) -

(7) Departure Date (NNG) -

(8) Arrival Date (YGN) -

(9) Flight Information
☐ Charter ☐ Schedule

(10) Trip
☐ One Way ☐ Two Way

(11) Hotel Arrangement
☐ Self ☐ UMFCCI

(12) Hotel Requirement
☐ Two Star - RMB/Day ☐ Three Star - RMB/Day ☐ Five Star - RMB/Day

(13) Total Stay in Nanning
____________ Days

(14) Airport Transfer
☐ Self ☐ UMFCCI

(15) Smoking Room
☐ Yes ☐ No

(16) Translation Service
Chinese → English / Chinese → Myanmar
☐ Yes ☐ No ____________ Person

(17) Factory Visit / Sightseeing Tour
☐ Yes ☐ No

(Signature)
Dated